


**Volume III, Issue 38** 7 June 2023

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာစုကီဋ္ဌန ပူဇာသဘင်အခမ်းအနားကျင်းပပြုလုပ် | ၁ |
| ၂ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်းနှင့်ပတ်သက်၍ နိုင်ငံအသီးသီးရှိ ဘာသာရေးအဖွဲ့အစည်းများမှ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ | ၇ |
| ၃ | ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ | ၉ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား သွားရောက်ဖူးမြော် ကြည်ညို၊ အန္တိမစျာပန သာစုကီဋ္ဌန ပူဇာသဘင်အခမ်းအနား ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေး | ၁၃ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၁၅ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေးအမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ | ၁၇ |
| ၇ | အာရှဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများ အသင်းကြီး၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၁၉ |
| ၉ | ကချင်ပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လ ၅ ရက်အထိ IDPs စခန်း ၄ ခု ပိတ်သိမ်းနိုင်ခဲ့ပြီး နေရပ်ကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ် | ၂၀ |
| ၁၀ | မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတကာမှ ပေးပို့လှူဒါန်းလျက်ရှိ | ၂၁ |
| ၁၁ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် | ၂၂ |
| ၁၂ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ် | ၂၇ |
| ၁၃ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင် | ၂၈ |
| ၁၄ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း | ၃၁ |
| ၁၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခွင့်ပြုလျက်ရှိ | ၃၂ |
| ၁၆ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၃၂ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်စိုး (ခ) လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် Special Task Force –STF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ | ၃၃ |
| ၁၈ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၃၆ |

# Information Sheet

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်အခမ်းအနားကို ဇွန်လ ၆ ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီးတို့အမှူးပြုသော ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒါယကာ၊ ဒါယိကာမများ၊ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်ခဲ့ပါသည်။ ထို့နောက် ပြည်တွင်း၊ ပြည်ပအကြီးအကဲများနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာများကို တာဝန်ရှိသူအသီးသီးတို့က ဖတ်ကြားပူဇော်ခဲ့ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် တပည့်ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် ဆရာတော်ဘုရားကြီးအား နောက်ဆုံးတောင်းပန် ကန်တော့ကြပါသည်။



ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ရာတွင် တပည့်သံဃာတော် ၈ ပါးက ဗိမာန်တော်မှ ဗိမာန်တော်မုခ်ဦးအထိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် အကြီးအကဲ ၈ ဦးက ဗိမာန်တော်မုခ်ဦးမှ သတ်မှတ်နေရာအထိ၊ ထိုမှတစ်ဆင့် ဦးစီးကော်မတီ ၈ ဦး၊ ဆွေတော်မျိုးတော် ၈ ဦးတို့က သတ်မှတ်နေရာအသီးသီးမှ ကရဝိက်ယာဉ်တော်ပေါ်အထိ အသီးသီးပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ ချမ်းမြသာစည်မြို့နယ်ရှိ ဈာပနကွင်းသို့ပင့်ဆောင်ခဲ့ကြပါသည်။

ထိုသို့ပင့်ဆောင်ရာတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို တင်ဆောင်ထားသည့် ကရဝိက်ယာဉ်တော်အား အုပ်ချုပ်မှုယာဉ်များ၊ သက်တော်ရှည် နိုင်ငံတော်ဩဝါဒါ ဆရာတော်ကြီးများနှင့် မဟာနာယကဆရာတော်ကြီးများ၏ ယာဉ်များ၊ ဆရာတော်ကြီး၏ ပုံတော်တင်ယာဉ်၊ သာသနာ့အလံကိုင် ဥပါသကာများနှင့် ကြေးစည်ကိုင် ဥပါသကာများ၏ ယာဉ်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ယာဉ်များ၊ ကရဝိက်ယာဉ်တော်၏ရှေ့တွင် သံဃာတော်အပါး ၅၀၀၊ အနောက်တွင် သံဃာတော်အပါး ၅၀၀၊ တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ လိုက်ပါ၍ ကရဝိက်ယာဉ်တော်၏ ဝဲ၊ ယာတွင် ဝတ်ဖြူစင်ကြယ်ဝတ် ဥပါသကာ ၅၀ ဦးစီနှင့် ဒါယကာဒါယိကာမများ၊ ဒေသခံပြည်သူများက ပိတ်ဖြူစ(တမုတ်ကြိုး)ဆွဲ၍ ပင့်ဆောင်ပူဇော်ကြပါသည်။ ပင့်ဆောင်ရာလမ်းကြောင်းတစ်လျှောက်တွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ပြည်သူလူထုအပေါင်းတို့က လိုက်ပါခြံရံ၍ စည်ကားသိုက်မြိုက်စွာဖြင့် ပို့ဆောင်တော်မူခဲ့ကြပါသည်။ ထို့နောက်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်တော်ပေါ်မှ လောင်တိုက်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး တပည့်သံဃာတော်များက စက်ခလုတ်နှိပ်၍ အဂ္ဂိဈာပနတေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့် သာသနာ့ဦးသျှောင်ဆရာတော်ဘုရားကြီးဖြစ်ကြောင်း၊ ဆရာတော်ဘုရားကြီးသည် ပြည်တွင်း၊ ပြည်ပမှ ချီးမြှင့်တော်မူသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များစွာကို ရရှိတော်မူခဲ့ကြောင်း၊ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သောကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် “**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**” ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် “**အဘိဓဇမဟာရဋ္ဌဂုရု**” ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူလျက်ရှိစဉ် သက်တော်(၉၄) နှစ်၊ သိက္ခာတော် (၇၄)ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာခုကီဠနပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ပူဇော်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ကြီး၏ အန္တိမအဂ္ဂိ စျာပန သာခုကီဠနပူဇာသဘင် အခမ်းအနားကို ဇွန်လ ၆ ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ပူဇော်ခဲ့။
- ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် အကြီးအကဲ ၈ ဦးက ဗိမာန်တော်မုခ်ဦးမှ သတ်မှတ်နေရာ အထိ ပင့်ဆောင်ပူဇော်ခဲ့။
- ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သောကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာစုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာစုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် ဘာသာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဖတ်ကြားပူဇော်နေမှု





## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန သာစုကီဋ္ဌနပူဇာသဘင်အခမ်းအနား ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်းနှင့်ပတ်သက်၍ နိုင်ငံအသီးသီးရှိ ဘာသာရေးအဖွဲ့အစည်းများမှ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

## ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

ဆက်ကပ်ပါသည်ဘုရား

ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။ အရှိမအတိုရှာပန ပူဇော်ပွဲ ကျင်းပရေးကော်မတီ ပြဝါဒါစရိယဆရာတော်အရှင်သူမြတ်တို့ဘုရား-

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (၉၄ နှစ်၊ ၇၄ ဝါ) မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၅-၅-၂၀၂၃ ရက် (ကြာသပတေးနေ့)၊ ၂၃: ၁၁ အချိန်တွင် သီတင်းသုံးရာကျောင်းတိုက်၌ ဇရာ ပါးသော ရောဂါဖြင့် (လူတကာတို့ ရှောင်ကြဉ်သွေဖည်၍မရသော အနိစ္စသဘောသို့ လိုက်ပါတော်မူရ၍) ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သိရှိရသည့်အတွက် ဆရာတော်ကြီး၏ တပည့်သာဝက ရဟန်းသံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ ဒါယိကာမများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

၂။ ဆရာတော်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဗန်းမော်ကျောင်းတိုက်ကြီးနှင့် စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ တိပိဋက ကျောင်းတော်ကြီးတို့၌ နယ်ပယ်အသီးသီးတို့မှ ပညာရည်နို့သောက်စို့ရန် လာရောက်ကြကုန်သော တပည့်သံဃာအများတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူကြမည့် တိပိဋကရေ သာသနာ့အာဇာနည်လောင်းလျာ အရှင်မြတ်တို့အား စာမေးပွဲဆိုင်ရာ ကျမ်းစာအသီးသီးတို့ကို ပို့ချပေးတော်မူခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်တာဝန်ဖြင့် စာပေများသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ထို့အပြင် သီတင်းသုံးရာ ဗန်းမော်ကျောင်းတိုက်ကြီး၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဖွင့်လှစ်၍ ပညာသင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကို အခမဲ့ပညာသင်ကြားပေးတော်မူခဲ့ခြင်းတို့ကြောင့် ပညာပါရမီအရော၌ သူမတူအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်ကို အားကျကြည်ညိုမိပါသည်ဘုရား။

၃။ ဆရာတော်ကြီးသည် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကို ရေးသားပြုစုရာ၌ (မန္တလေးမြို့၊ ဘုရားကြီးတိုက်ရှိ သံဃာတော်များ တာဝန်ယူဆောင်ရွက်ရမည့်အပိုင်းကဏ္ဍတွင်) အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပေးတော်မူခဲ့ပြီး သိမ်တောင်သာသနာဝင်ကျမ်းကို မြန်မာဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ မောဂ္ဂလာန်သဒ္ဒါကျမ်းကြီးကို အဖွင့်ပယောဂ သိဒ္ဓိနိဿယအဖြစ် ပထမတွဲ၊ ဒုတိယတွဲ ခွဲခြား၍ ပြုစုတော်မူခဲ့ခြင်း၊ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း ပထမတွဲနှင့် ဒုတိယတွဲတို့ကို ပါဠိဘာသာပြန်ဆိုတော်မူခဲ့ခြင်း၊ ထေရီအပဒါနဒီပနီကျမ်းကို ပါဠိဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ ယမိုက်ပါဠိတော် ဒုတိယတွဲနှင့် တတိယတွဲတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုတော်မူခဲ့ခြင်း စသည့်ကျမ်းဂန်များစွာတို့ကို သာသနာတော်အတွက် မြန်မာဘာသာ၊ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကျမ်းကျင်ပိုင်နိုင်စွာ ရေးသားပြုစုတော်မူခဲ့သည့်အတွက် ဆရာတော်ကြီး၏ စာပေစွမ်းရည်ကို ကြည်ညိုမိပါသည်ဘုရား။

၄။ ဆရာတော်ကြီးသည် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ မရှိမဖြစ်လိုအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းနိုင်ရန်အတွက် မူလသံဃာ့ဝန်ဆောင်ဆရာတော်(၆၆)ပါး အဖွဲ့တွင် ပါဝင်ထမ်းဆောင်တော်မူခဲ့ပြီး ပထမအကြိမ် ၁၉၈၀ ပြည့်နှစ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ်၊ မတ်လအထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များကို ဦးဆောင်ဦးရွက်ပြု၍ ထမ်းဆောင်တော်မူခဲ့သည့်အပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်အဖြစ်လည်း ထမ်းဆောင်တော်မူခဲ့ရာ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ကြီး၏ သာသနာပြုစွမ်းဆောင်ချက်တို့ကို အမှတ်ရကာ ကြည်ညိုသဒ္ဓါပွားများရပါသည် ဘုရား။

၅။ ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော လုံ့လဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ဂုဏ်အဖြာဖြာတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပုံ အဖုံဖုံတို့ကို အာရုံပြုကာ ကြည်ညိုမိ၍ နှမြောတသဖြစ်ရပါသည်ဘုရား။

၆။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းတော်မူခဲ့သည့် သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်တို့သည် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေမည်ကို အခိုင်အမာယုံကြည်ပါသည်ဘုရား။

၇။ သို့ဖြစ်ပါ၍ သံဃာ့ဦးသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး ယခုကဲ့သို့ ဘဝနတ်ထံ ပျံလွန်တော်မူခြင်းသည် ဘုရားတပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့၏ ကိုယ်စား အထူးပင်ဝမ်းနည်းရပါကြောင်း လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ဘုရား။

(ဦးကိုကို)
ပြည်ထောင်စုဝန်ကြီး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသသည် ၂၅-၅-၂၀၂၃ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရသည့်အတွက် နိုင်ငံအသီးသီးရှိ ဘာသာရေးအဖွဲ့အစည်းများမှ ဝမ်းနည်းကြောင်း သဝဏ်လွှာများကို သီရိလင်္ကာနိုင်ငံ၊ အမရပူရသံဃာ့ကောင်စီဥက္ကဋ္ဌဆရာတော်မှလည်းကောင်း၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံ ဝန်ကြီးချုပ်မှလည်းကောင်း၊ The Buddhist Association of China ဥက္ကဋ္ဌမှလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့မှလည်းကောင်း၊ ဗာတီကန်နိုင်ငံဆိုင်ရာအတွင်းရေးမှူးချုပ် ရဟန်း အမတ်ကာဒီနယ်ပီတာပါရော့လင်းမှလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှလည်းကောင်း ပေးပို့ခဲ့ပါသည်။

ဆရာတော်ကြီး၏ဗုဒ္ဓဘာသာအကျိုးဆောင်ရွက်ချက်များနှင့်အတူ နိုင်ငံအတွင်းရှိ ပြည်သူများအကြား စည်းလုံးညီညွတ်ရေးနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆောင်ရွက်ချက်များသည်လည်း ဂုဏ်ပြုလေးစားဖွယ်ရာ စံနမူနာကောင်းအဖြစ် သမိုင်းဝင်လျက်ရှိနေမည်ဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသသည် ၂၅-၅-၂၀၂၃ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရသည့်အတွက် နိုင်ငံအသီးသီးရှိ ဘာသာရေးအဖွဲ့အစည်းများမှ ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ပေးပို့ခဲ့။**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ






၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင်-

- မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း၊
- ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် “**ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)**”ဟု သတ်မှတ်ထားကြောင်း။
- ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှု အန္တရာယ်ဆိုင်ရာအကျိုးဆက်များကို နိုင်ငံများအားလုံး ဖြေရှင်းဆောင်ရွက်ရန်၊ ပလတ်စတစ်ညစ်ညမ်းမှု ကိုင်တွယ်ဖြေရှင်းခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ စွန့်ပစ်ပစ္စည်းအနည်းဆုံးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် ပတ်လည်စီးပွားရေးလုပ်ငန်း(Circular Economy) သို့ အသွင်ကူးပြောင်းရန် အချိန်ကျရောက်ပြီဖြစ်သည်ကို သတိပေးလိုက်ခြင်းပင်ဖြစ်ကြောင်း။
- ပလတ်စတစ်၏ဆိုးကျိုးနှင့်ပတ်သက်၍ ပလတ်စတစ်သည် သဘာဝအလျောက် မပျက်စီးသည့်၊ ပြိုကွဲပျောက်ပျက်ရန်မလွယ်သည့်၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းပြီး အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများထဲမှတစ်ခုဖြစ်ပြီး နှစ်ပေါင်းများစွာကြာမှသာ ပြိုကွဲပျက်စီးနိုင်ကြောင်း။
- ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ဖျောက်ဖျက်ပစ်ရန် မီးရှို့ဖျက်ဆီးမည်ဆိုပါကလည်း ကာဗွန်မိုနောက်ဆိုဒ်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့် ဓာတ်ငွေ့များထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အတွက် လူသားများ၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း။
- ပလတ်စတစ်သည် စတင်ထုတ်လုပ်သည့်အချိန်မှစ၍ အသုံးပြုပြီး စွန့်ပစ်သည့်အချိန်အထိ ၎င်း၏သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေသည်သာမကဘဲ ကုန်းနေရေနေ သတ္တဝါများကိုပါ အန္တရာယ်များစွာကျရောက်စေကြောင်း။
- ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(Food and Agriculture Organization- FAO)က ထုတ်ပြန်သည့် “**၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းအစီရင်ခံစာ(The State of World Fisheries and Aquaculture 2022)**” အရ ပင်လယ်နေသတ္တဝါများကို အလွန်အကျွံဖမ်းဆီးခြင်း၊ ရေထုညစ်ညမ်းခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် အခြားအကြောင်းများကြောင့် ရေနေသတ္တဝါများနှင့် ရေသယံဇာတများ ဆက်လက်ကျဆင်းနေသည်ကို တွေ့ရှိရကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့၊ ကျေးရွာဆုရရှိခဲ့ကြသည့် မြို့၊ ရွာများမှ တာဝန်ရှိသူများအား ဆုပေးအပ်ချီးမြှင့်နေမှု**

- စွန့်ပစ်ထားသည့် ငါးဖမ်းပိုက်များ၊ ပျောက်ဆုံးသွားသည့် ငါးဖမ်းပိုက်များ၊ အသုံးပြု၍မရတော့သည့် ငါးဖမ်းပိုက်များသည် အဏ္ဏဝါပလတ်စတစ်အမှိုက်သရိုက်များ၏ စိန်ခေါ်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခု ဖြစ်နေသည်ကို ဖော်ပြထားကြောင်း။
- အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ခဲ့ပြီး အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဒေသတွင်း (၂၀၂၁-၂၀၂၅) လုပ်ငန်းအစီအစဉ်၌ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် "**မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာ**"နှင့် "**ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)**" တွင် ရည်မှန်းချက်ပန်းတိုင် (၆)ခုကို အခြေခံချမှတ်ထားပြီး ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေးဖြေရှင်းရန် သတ်မှတ်ထားကြောင်း။
- မြန်မာနိုင်ငံသည် "**ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း**"၏ အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများတင်သွင်း၊ တင်ပို့ခြင်းကိစ္စရပ်များအပေါ် ကွန်ဗင်းရှင်းပါကတိကဝတ်များနှင့်အညီ "**ပတ်ဝန်းကျင်မထိခိုက်စေသော နိုင်လုံသည့်အစီအမံ (Environmentally Sound Management)**" နှင့် ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတဖြစ်သည့် သစ်နှင့်ဝါးကုန်ကြမ်းများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ် အစားထိုးသုံးပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်သည့် အခြေခံများရှိပြီးဖြစ်ကြောင်း။
- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် သစ်တောများ စနစ်တကျ ပြုပြင်ထိန်းသိမ်းစိုက်ပျိုးထုတ်လုပ်ခြင်းကို ကမ္ဘာတွင်စံပြအဖြစ် ကောင်းစွာပြုလုပ်နိုင်ကြောင်း။
- ပလတ်စတစ် အစားထိုးစက္ကူမျိုးစုံ ထုတ်လုပ်ခြင်းကို သစ်တောများ ပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် မိမိတို့ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- ပြည်တွင်းမှပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် စွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှလျှော့ချရန်၊ ပြန်လည်သုံးစွဲရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ပြည်တွင်းမှာမလိုလားအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ရှောင်ရှားနိုင်ရန် ပြည်ပနိုင်ငံများက စွန့်ပစ်ပစ္စည်း

များ တင်သွင်းလာမှုတွေမရှိစေရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

- မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး ပလတ်စတစ်ညစ်ညမ်းမှုမှကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် "**ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့(Solutions to Plastic Pollution)**" ဆိုသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှုကို လျော့ကျစေရန် 3R စနစ်ဖြစ်သည့် ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချခြင်း(Reduce)၊ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု ရှောင်ကြဉ်ပြီး ပြန်လည်အသုံးပြုခြင်း(Reuse)နှင့် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Recycle)တို့ကို ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးကို မိမိတို့ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်သွားကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်မှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မရဲ့အုန်းပင်စုကျေးရွာမှ တာဝန်ရှိသူထံ လည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံဆုရရှိသည့် Global Earth Seafood Processing Plant and Cold Storage Facility Global Earth ARGO and AQUA Industry Public Company Limited မှ တာဝန်ရှိသူထံလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များကလည်း ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၃)**

- **ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် "ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)"ဟု သတ်မှတ်ထား။**
- **မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတဖြစ်သည့် သစ်နှင့်ဝါးကုန်ကြမ်းများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ် အစားထိုးသုံးပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်သည့် အခြေခံများရှိပြီးဖြစ်။**
- **သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် သစ်တောများ စနစ်တကျ ပြုပြင်ထိန်းသိမ်းစိုက်ပျိုးထုတ်လုပ်ခြင်းကို ကမ္ဘာတွင်စံပြအဖြစ် ကောင်းစွာ ပြုလုပ်နိုင်။**
- **ပလတ်စတစ်အစားထိုးစက္ကူမျိုးစုံထုတ်လုပ်ခြင်းကို သစ်တောများ ပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် မိမိတို့ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်။**
- **ပြည်တွင်းမှပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် စွန့်ပစ်ပစ္စည်းများကို တတ်နိုင်သမျှလျှော့ချရန်၊ ပြန်လည်သုံးစွဲရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်သည့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်။**
- **ပြည်တွင်းမှာမလိုလားအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ရှောင်ရှားနိုင်ရန် ပြည်ပနိုင်ငံများက စွန့်ပစ်ပစ္စည်းများ တင်သွင်းလာမှုတွေမရှိစေရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်သွားကြရန်လိုအပ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ








**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို၊ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေး**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၇) ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက် (ကြာသပတေးနေ့) တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန်လ ၅ ရက်တွင် သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနား ကျင်းပပြုလုပ်မည့် အခြေအနေများကို လျှောက်ထားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မစိုးရိမ်တိုက်သစ်ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၃)**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမဈာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနား ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**






- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား ဖန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်မည့် အခြေအနေများကို လျှောက်ထားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၆ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- အလွန့်အလွန်အားကောင်းသော (မိုခါ) မုန်တိုင်းနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုပေါ်မူတည်ကာ သက်ဆိုင်ရာကော်မတီအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြကြောင်း။
- နိုင်ငံတော်အဆင့်အနေဖြင့် တပ်မတော်အရာရှိကြီးများကို တစ်မြို့နယ်လျှင် တစ်ဦးခန့်အပ်တာဝန်ပေး၍ တာဝန်ထမ်းဆောင်စေလျက်ရှိကြောင်း၊ အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များကိုလည်း စစ်တွေမြို့တွင် ရုံးထိုင်စေပြီး အပျက်အစီးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်စေလျက်ရှိကြောင်း။
- အလှူရှင်များလှူဒါန်းသည့်ပစ္စည်းများ၊ သဘာဝဘေးရန်ပုံငွေမှ ဝယ်ယူဖြည့်တင်းထားသည့် ပစ္စည်းများကို သဘာဝဘေးသင့်ဒေသများသို့ တပ်မတော်လေယာဉ်၊ ရေယာဉ်များအပြင် အရပ်ဘက် မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်များနှင့်ပါ ပို့ဆောင်ပေးလျက်ရှိကြောင်း။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများ၏ အားကျိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဇွန် ၁ ရက်တွင် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာအဆင့်ကျောင်းများအပြင် အဆင့်မြင့်ပညာကျောင်းများပါ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။
- ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၊ ဆေးရုံ စသည်ဖြင့် ဦးစားပေးအဆင့်အလိုက် အဆောက်အဦများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရာသီဖြစ်သည့်အတွက် တောင်သူများအတွက် လိုအပ်သည့်မျိုးစေ့များနှင့် လယ်ယာသုံးကိရိယာစက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က မုန်တိုင်းကြိုကာလနှင့် မုန်တိုင်းဖြစ်ပွားစဉ်ကာလအတွင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအားလည်းကောင်း၊ လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မုန်တိုင်းသင့်ဒေသများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ခွဲပေးနေမှုအခြေအနေများအား အသီးသီးတင်ပြဆွေးနွေးခဲ့ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးတို့က မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများအား သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြပါသည်။


ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများက တပ်မတော်အနေဖြင့်လည်း မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ရှေ့ပြေးကူညီကယ်ဆယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့မှု၊ ယာဉ်အုပ်စုများဖွဲ့စည်း၍ မုန်တိုင်းဦးတည် ဝင်ရောက်နိုင်သော ဒေသများသို့စေလွှတ်ခဲ့မှု၊ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်မှ ရေယာဉ်၊ လေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးနေမှု၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **နိုင်ငံတော်အဆင့်အနေဖြင့် တပ်မတော်အရာရှိကြီးများကို တစ်မြို့နယ်လျှင်တစ်ဦး ခန့်အပ်တာဝန်ပေး၍ တာဝန်ထမ်းဆောင်စေလျက်ရှိ၊ အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များကိုလည်း စစ်တွေမြို့တွင် ရုံးထိုင်စေပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်စေလျက်ရှိ။**
- **အလှူရှင်များလှူဒါန်းသည့်ပစ္စည်းများ၊ သဘာဝဘေးရန်ပုံငွေမှ ဝယ်ယူဖြည့်တင်းထားသည့် ပစ္စည်းများကို သဘာဝဘေးသင့်ဒေသများသို့ တပ်မတော်လေယာဉ်၊ ရေယာဉ်များအပြင် အရပ်ဘက် မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်များနှင့်ပါ ပို့ဆောင်ပေးလျက်ရှိ။**
- **ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၊ ဆေးရုံ စသည်ဖြင့် ဦးစားပေးအဆင့်အလိုက် အဆောက်အဦများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရာသီဖြစ်သည့်အတွက် တောင်သူများအတွက် လိုအပ်သည့်မျိုးစေ့များနှင့် လယ်ယာသုံးကိရိယာစက်များကိုလည်း အမြန်ဆုံး ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လို။**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ



ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာ - တရုတ်ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu နှင့်အဖွဲ့တို့ ဇွန်လ ၆ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး အမှုဆောင်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။**

## အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်းကြီး၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲ အခမ်းအနားများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင်သည် မွန်ဂိုလီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်းကြီး(AACC)၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားများသို့ ဇွန်လ ၅ ရက်တွင် Online မှတဆင့် ပါဝင်တက်ရောက်ခဲ့ပြီး ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ AACC အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀ မှ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့်အတူ Protection of Human Rights within the Constitutional Review




ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲအား ကျင်းပရာ မြန်မာနိုင်ငံအပါအဝင် မွန်ဂိုလီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်စတန် နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တူကီယဲနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများမှ တရားသူကြီးချုပ်များ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက စာတမ်းဖတ်ကြားတင်ပြခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင်က The Improvement of the Protection of Human Rights within Constitutional System in Myanmar ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားတင်ပြရာ "မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပြီး ထိုတိုင်းရင်းသားလူမျိုးအားလုံးအား မည်သည့်နည်းနှင့်မျှ ခွဲခြားမှုမရှိစေရဘဲ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများအားလုံးကို အခြေခံဥပဒေဖြင့် တန်းတူအာမခံပေးထားကြောင်း၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးဆိုင်ရာ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားကြောင်း၊ နိုင်ငံသားများ၏ အခြေခံဥပဒေနှင့်အညီ အကာအကွယ်ပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုင်လျှောက်သည့်နည်းလမ်းဖြင့် အကာအကွယ်ပေးထားကြောင်း တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက်စာတမ်းများကို ဆက်လက်တင်ပြခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၃)**

- **(AACC)၏ ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲအခမ်းအနားများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင် တက်ရောက်ခဲ့။**
- **"မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိပြီး ထိုတိုင်းရင်းသားလူမျိုးအားလုံးအား မည်သည့်နည်းနှင့်မျှ ခွဲခြားမှုမရှိစေရဘဲ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများအားလုံးကို အခြေခံဥပဒေဖြင့် တန်းတူအာမခံပေးထား"။**
- **နိုင်ငံသားများ၏ အခြေခံဥပဒေနှင့်အညီ အကာအကွယ်ပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုင်လျှောက်သည့်နည်းလမ်းဖြင့် အကာအကွယ်ပေးထား။**

# ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားများကို ကျင်းပခဲ့ရာ-

- မေလ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၂ ဦးတို့အားလည်းကောင်း၊
- ဇွန်လ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၇ ဦးတို့အား လည်းကောင်း ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီးပေးအပ်ကာ ၎င်းတို့၏အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီး ဇွန်လ ၅ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၃၉၆ ဦးနှင့် အမျိုးသမီး ၁၃၄ ဦး၊ စုစုပေါင်း ၅၃၀ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၂)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ PDF အဖွဲ့ဝင် အမျိုးသား ၉ ဦးတို့အား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများအသီးသီး ပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူ မိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**
- **ဇွန်လ ၅ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၃၉၆ ဦးနှင့် အမျိုးသမီး ၁၃၄ ဦး၊ စုစုပေါင်း ၅၃၀ ဦးရှိပြီဖြစ်။**

## ကချင်ပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လ ၅ ရက်အထိ IDPs စခန်း ၄ ခု ပိတ်သိမ်းနိုင်ခဲ့ပြီး နေရပ်ကျေးရွာများသို့ ပြည်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်



ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းနေ ပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရေးစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လ ၅ ရက်အထိ ပြည်နယ်အတွင်းရှိ IDPs စခန်း ၄ ခု ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၇၁၂ စု၊ လူဦးရေ ၃,၈၃၈ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇွန်လ ၆ ရက်တွင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်း ၄ ခုမှ မူလကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများ တပ်ကုန်းရပ်ကွက် နှစ်ခြင်း IDP စခန်း၌ သွားရောက်တွေ့ဆုံအားပေးခဲ့ပါသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က တပ်ကုန်းနှစ်ခြင်းစခန်းနှင့် ဒူကထောင်ရပ်ကွက်နယ်မြေ(၁၄)စခန်းတို့မှ မူလနေရပ်ကျေးရွာများဖြစ်သည့် မြစ်ကြီးနားမြို့နယ်ရှိ တာလောကြီးကျေးရွာ၊ ဝိုင်းမော်မြို့နယ်ရှိ အောင်ဂျာ၊ ဒဘတ်ယန်၊ မလန့်ယန်၊ ဂါးရာယန်ကျေးရွာများ၊ မိုးမောက်မြို့နယ်ရှိ နားလုံကျေးရွာနှင့် ဖားကန့်မြို့နယ်ရှိ ကံဆီးကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၁၂၈ ဦးတို့အတွက် အိမ်ထောင်စု ၁ စုလျှင် ပြည်နယ်အစိုးရအဖွဲ့မှ ဆန် ၁ အိတ်၊ ဆီ ၁ ပိဿာစီနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာ ၁ လစာ၊ ပြောင်းရွှေ့စရိတ် ၁ သိန်းစီနှင့် ကယ်ဆယ်ရေးပစ္စည်းများဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၄,၄၄၅,၈၇၁ ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လ ၅ ရက်အထိ ကချင်ပြည်နယ်အတွင်းရှိ IDPs စခန်း ၄ ခု ပိတ်သိမ်းနိုင်ခဲ့ပြီး အိမ်ထောင်စု ၇၁၂ စု၊ လူဦးရေ ၃,၈၃၈ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပေးနိုင်ခဲ့ပြီးဖြစ်။
- ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တပ်ကုန်းနှစ်ခြင်းစခန်းနှင့် ဒူကထောင်ရပ်ကွက်နယ်မြေ (၁၄) စခန်းတို့မှ မူလနေရပ်ကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၂၁ စုအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန် ၁ အိတ်၊ ဆီ ၁ ပိဿာစီနှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနက ဆန်ရိက္ခာ ၁ လစာ၊ ပြောင်းရွှေ့စရိတ် ၁ သိန်းစီနှင့် ကယ်ဆယ်ရေးပစ္စည်းများ အသီးသီးထောက်ပံ့ခဲ့။

## မိုခါမုန်တိုင်းဒဏ်သင့်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို နိုင်ငံတကာမှ ပေးပို့လှူဒါန်းလျက်ရှိ



ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ဒေသများရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးပို့လျက်ရှိပါသည်-

- ဇွန်လ ၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းသော စုစုပေါင်းတန်ချိန် ၁၂၀ တန်ခန့်ရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS SOMUDRA JOY(F-28) တစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများပံ့ပိုးရာတွင် ဘေးသင့်ပြည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဝန်ကြီးဌာနအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် AHA Centre၊ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အပြည့်အဝပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၃)**



- ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းသော စုစုပေါင်းတန်ချိန် ၁၂၀ တန်ခန့်ရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS SOMUDRA JOY(F-28) တစ်စင်း ရန်ကုန်မြို့သို့ ရောက်ရှိခဲ့။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခံခဲ့ရသည့်ဒေသများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

- ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ဒုတိယဗိုလ်ချုပ်ကြီး လူအေး၊ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်အောင်ကျော်မိုး၊ မင်းပြားမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်နှင့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ မတူပီမြို့သို့ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ခင်မောင်အေးတို့သည် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ၌ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားနေမှုများနှင့် စာသင်ဆောင်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ သွပ်၊ သံ၊ မိုးကာစများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့။
- ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တာဝါတိုင်ပြန်လည်တည်ဆောက်ရန်အတွက် ဆောင်ရွက်နေမှု၊ လက်ဝဲသလုံးတော်ဓာတ်စေတီတော် သာသနိက





အဆောက်အဦများကို ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးမှု၊ မုန်တိုင်းတိုက်ခတ်ပြီး နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြကာ SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA)၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများ၏ ရက် ၃၀ စတုဒိသာအလှူတော် အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ဒံပေါက်ထမင်းဘူးများ ထောက်ပံ့လှူဒါန်းခဲ့။

- ဇွန်လ ၆ ရက်တွင် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေကမ်းခြေတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ကမ်းနားလမ်း ပြန်လည်ပြုပြင်နေမှု၊ သစ်စက်များတွင် သစ်ခွဲသားများခွဲစိတ်နေမှု၊ ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုနှင့် AHA Center မှ လှူဒါန်းသည့် ခြေနင်းနှင့် ဘက်ထရီဓာတ်အားသုံး ရေသန့်စက်များဖြင့် စမ်းသပ်ရေသန့်စင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် မြောက်ပိုင်းဒေသရှိ မြို့များ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးအတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းများပြင်ဆင်ရေး ဝန်ထမ်းအင်အား ၅၈၁ ဦး၊ ယန္တရား ၆၂ စီးကို အဖွဲ့ ၁၆ ဖွဲ့ခွဲ၍ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့တွင်းဓာတ်အားလိုင်းများ ပြင်ဆင်ရေးအတွက် ဝန်ထမ်းအင်အား ၆၄၂ ဦး၊ ကရိန်းယာဉ် ၃၆ စီး၊ အုပ်ချုပ်မှုယာဉ် ၃၆ စီး၊ အဖွဲ့ ၁၄ ဖွဲ့နှင့် ပြင်ပကုမ္ပဏီ ၁ ဖွဲ့ စုစုပေါင်း ၁၅ ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိ။
- နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်မြို့ရွာများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေးအတွက် ရွှေ့လျားရေသန့်ကားများ၊ Life Straw (ရေနောက်မှရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်များ၊ ဆိုလာစနစ်သုံးရွေ့လျားရေသန့်စက်များဖြင့် ဖြန့်ဝေပေးလျက်ရှိ။
- သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ သောက်သုံးရေကန်များ၌ ရေငန်ဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါရေကန်များမှ ရေစုပ်ထုတ်၍ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးရေကန် ၁၄၂ ကန်၊ ဆောင်ရွက်ဆဲရေကန် ၁၉ ကန် နှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် ရေကန် ၆၁ ကန်တို့ဖြစ်။
- ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်ဖြူ၊ ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်နှင့် မြောက်ဦးမြို့များသို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လမ်းဘေးဘယ်/ညာ၌ လဲကျနေသော သစ်ပင်ကြီးများ၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ သောက်သုံးရေသန့်နှင့် စားသောက်ဖွယ်ရာ

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ**





များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နယ်လှည့် ဆေးကုသရေးအဖွဲ့မှလည်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။

ထိုသို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခံခဲ့ရသည့်ဒေသများသို့ တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိ။**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ












## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့ငွေ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်လျက်ရှိပါသည်။

- ဇွန်လ ၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၇ ကျောင်းမှ ကျောင်းအုပ်ဆရာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ စာသင်ဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့။
- သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင်များ အမြန်ဆုံးပြုပြင်နိုင်ရန် စစ်တွေမြို့ပေါ်ရှိ စာသင်ကျောင်းများသို့ စုစုပေါင်း အလှူငွေကျပ်သိန်း ၁,၂၀၀ လှူဒါန်းခဲ့။

ထိုသို့ထောက်ပံ့ပေးအပ်မှုကို တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၃)**

- **ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့။**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်



မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများအား တပ်မတော်လေယာဉ်/ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပါသည်။

- ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ၃ စီးဖြင့် ဆန်အိတ် ၁,၀၀၀ အိတ်၊ လယ်ထွန်စက် ၁၄ စီးအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းသည့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ၁၆၂ တန်အား တင်ဆောင်၍ ပို့ဆောင်ခဲ့။
- အလားတူ အလှူရှင်များက လှူဒါန်းသည့် အခြေခံစားသောက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ၁၁.၁၂၅ တန်ကိုတင် ဆောင်၍ တပ်မတော်(လေ) ရှိ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)ရှိ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၇၃.၇ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာန ဆိုင်ရာဝန်ထမ်း ၃,၁၇၀ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော် လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**





- ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် လေယာဉ်/ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိ။
- ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် လေယာဉ်/ရဟတ်ယာဉ်များဖြင့် ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၇၃.၇ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃,၁၇၀ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း




ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများအား ပေးအပ်လှူဒါန်းလျက်ရှိရာ ဇွန်လ ၅ ရက်မှ ၆ ရက်ထိ-

- စေတနာရှင်အလှူရှင်များက စစ်တွေမြို့၊ မင်းဂံရပ်ကွက်နှင့် ကျားမသောက်ကျေးရွာတို့ရှိ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား စတုဒိသာကျွေးမွေးခြင်း၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို သွားရောက်ထောက်ပံ့လှူဒါန်းခဲ့။
- Lucky Asia International Co.,Ltd မှ ရခိုင်ပြည်နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လက်ခံရယူခဲ့။
- Ooredoo မြန်မာကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက သွပ်ပြားအချပ် ၂၀၀၀၊ ရွှေဒေါင်းပုံဆေးပေါ့လိပ်မိသားစုက ငွေကျပ်သိန်း ၁၅၀၊ Novel Hotel မိသားစုက ငွေကျပ်သိန်း ၅၀၊ ခိုင်ပြည့်ငြိမ်းထွန်းကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၄၂၅ သိန်းအား စုပေါင်းလှူဒါန်းခဲ့ရာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့က လက်ခံရယူခဲ့။

အလှူရှင်များ၏ လှူဒါန်းမှုနှင့်အတူ တပ်မတော်သားများနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကလည်း မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော ကူညီထောက်ပံ့ရေးပစ္စည်းများအား ရခိုင်ပြည်နယ်အပါအဝင် တိုင်းဒေသကြီး အသီးသီးရှိ မုန်တိုင်းဒဏ်သင့်မြို့နှင့် ကျေးရွာများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိ။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခွင့်ပြုလျက်ရှိ

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့ရာ မတ်လ ၂၈ ရက်အထိ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီ၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ လာရောက်လျှောက်ထားလျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ အနက် ပါတီအမှတ် (၁) မှ (၂၀) အထိအား ကြေညာချက်အမှတ် အသီးသီးထုတ်ပြန်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဇွန်လ ၅ ရက်တွင်လည်း ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ပါတီအမှတ်(၂၁)၊ ပြည်သူ့ရှေ့ဆောင်ပါတီကို ပါတီအမှတ် (၂၂) အဖြစ် ထပ်မံခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၆-၂၀၂၃)**

- **မတ်လ ၂၈ ရက်အထိ နိုင်ငံရေးပါတီတည်ထောင်လိုသောပါတီ ၁၃ ပါတီ၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသောပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၆၃ ပါတီ လာရောက်လျှောက်ထားလျက်ရှိ။**
- **အဆိုပါ ပါတီများအနက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် အသီးသီးထုတ်ပြန်၍ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအမှတ် (၁) မှ (၂၀) အထိ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီအမှတ် (၂၁) မှ (၂၂) အထိ ထပ်မံခွင့်ပြုခဲ့။**

---

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၂ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၁၆၇,၉၉၂.၃၀၇ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ၁၉,၆၁၆.၀၄၅ တန် စုစုပေါင်း ၁၈၇,၆၀၈.၃၅၂ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၃.၄၅၄ သန်းရရှိခဲ့။
- ၂၀၂၂ ခုနှစ် ပြောင်းရာသီ စတင်သည့် စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ မေလအထိ ကိုးလတာကာလအတွင်း ပြောင်းတန်ချိန် ၁၇ သိန်းခန့်တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် နှစ်သန်းကျော် တင်ပို့ရန် လျာထား။
- ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်တင်သင်္ဘော ၅၇ စင်း ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်။

ပြည်တွင်း၌ ပြောင်းစိုက်ဧက နှစ်သန်းကျော်မှ တစ်နှစ်လျှင် တန်ချိန် ၃.၂ သန်း ထွက်ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၆၀၀ အထက်ရရှိနေသောကြောင့် ပြောင်းသည် ပြည်ပဈေးကွက်ဝင်ဖြစ်သည့်အပြင် ဒေသတွင်းနိုင်ငံများ၏ လိုအပ်ချက်များပြားသည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၆-၂၀၂၃)**




- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၁၂ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် စုစုပေါင်း ၁၈၇,၆၀၈.၃၅၂ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၃.၄၅၄ သန်းရရှိခဲ့။
- ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ မေလအထိ ကိုးလတာကာလအတွင်း ပြောင်းတန်ချိန် ၁၇ သိန်းခန့် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် နှစ်သန်းကျော် တင်ပို့ရန် လျာထား။
- ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်တင်သင်္ဘော ၅၇ စင်း ဆိုက်ကပ်ကုန်သွယ်မည်ဖြစ်။

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်စိုး (ခ) လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် Special Task Force –STF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်တွင် သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်စိုး(ခ) လီလီနိုင်ကျော်အား အကြမ်းဖက်သမား ၁ ဦးမှ ပစ္စတိုဖြင့် ရက်စက်စွာ အကြောင်းမဲ့ ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် သေဆုံးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ ဇွန်လ ၄ ရက်တွင် အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ကမာရွတ်မြို့နယ်အတွင်းရှိ အမျိုးသား အဆောင် ၁ ခု၌ ဒေါ်လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံကောင်း ဇာနည်ဟိန်း(ခ) လပြည့်နှင့် ကျော်သူရ(ခ) အီးတီတို့ ၂ ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

ကောင်းဇာနည်ဟိန်း(ခ) လပြည့်နှင့် ကျော်သူရ(ခ) အီးတီတို့ ၂ ဦးတို့၏ ထွက်ဆိုချက်အရ-

- ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် KNLA တပ်မဟာ(၁) လှုပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် Special Test Force - STF အမည်ခံအကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်၍ ထပ်မံသင်တန်း တက်ရောက်ခဲ့။
- အဆိုပါအဖွဲ့အား ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် တရားခံပြေးဒီငြိမ်းလင်းနှင့် ဟေဇယ်တို့မှခေါင်းဆောင်၍ KNLA တပ်မဟာ (၆) လှုပ်ရှားနယ်မြေ၊ ကော့ကရိတ်မြို့နယ်၊ ဘော်ဒိုင်းကျေးရွာအနီးရှိ STF စခန်းတွင် စတင်ဖွဲ့စည်းခဲ့။



**ကောင်းဇော်နည်ဟိန်း(ခ)လပြည့် (၂၃)နှစ်**



**ကျော်သူရ(ခ)အီးတီ (၃၀)နှစ်**

- ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်တွင် တရားခံပြေးဒီငြိမ်းလင်းမှ STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၂၆ ဦးအား အဖွဲ့များခွဲကာ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ စေလွှတ်ခဲ့။
- ဖမ်းဆီးရမိတရားခံ ကောင်းဇော်နည်ဟိန်းနှင့် ကျော်သူရတို့ ၂ ဦးအား STF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံပြေး ဒီငြိမ်းလင်း၊ ဟေဇယ်၊ ယသော်နှင့် နွေနွေတို့ ၄ ဦးတို့မှ Telegram မှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ခိုင်းစေခဲ့။
- တရားခံပြေး ဒီငြိမ်းလင်းနှင့် ဟေဇယ်မှ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်တွင် ဒေါ်လီလီနိုင်ကျော်၏ ဓာတ်ပုံနှင့် အချက်အလက်များအား Telegram မှတစ်ဆင့်ပေးပို့၍ လုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေခဲ့ပြီး မေလ ၂၈ ရက်တွင် Sig Sauer ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု၊ ၎င်းကျည် ၂၀ တောင့်တို့အား တရားခံပြေးဟေဇယ်မှ ပေးပို့ခဲ့။
- ဖမ်းဆီးရမိတရားခံ ၂ ဦးသည် ဒေါ်လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ရန်အတွက် ၎င်းနေထိုင်သည့် တိုက်ခန်းအနီးသို့ နေ့စဉ်သွားရောက်၍ အခြေအနေ စောင့်ကြည့်ခဲ့ပြီး မေလ ၃၀ ရက်တွင် ကောင်းဇော်နည်ဟိန်းသည် ဒေါ်လီလီနိုင်ကျော်အား ၎င်း၏ နေအိမ်ရှေ့၌ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ခဲယမ်းများအား မေလ ၃၁ ရက်တွင် တရားခံပြေး ယသော်၏ စီစဉ်ပေးမှုဖြင့် STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၁ ဦးထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ရန်အတွက် တရားခံပြေး ဒီငြိမ်းလင်းနှင့် ဟေဇယ်တို့မှ ငွေကျပ် ၃ သိန်း အား Wave Pay မှတစ်ဆင့်ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် Special Task Force – STF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ကောင်းဇော်နည်ဟိန်း(ခ) လပြည့်နှင့် ကျော်သူရ(ခ) အီးတီတို့ ၂ ဦးတို့အား ဇွန်လ ၄ ရက်တွင် ဖမ်းဆီးရမိခဲ့။**



CCTV မှတ်တမ်းတွင် တွေ့ရှိသည့် တရားခံ ကောင်းဇာနည်ဟိန်း(ခ)လပြည့်၏ မှတ်တမ်းဓာတ်ပုံ



တရားခံပြေး ဒီငြိမ်းလင်း၏ မှတ်တမ်းဓာတ်ပုံ




ရွှေပေါက်ကံ၊ (၁၅)ရပ်ကွက်၊ သံလွင်လမ်းနှင့် ရွှေစလွယ်လမ်းထောင့်အမှိုက်ပုံတွင် တရားခံ ကောင်းဇာနည်ဟိန်း(ခ)လပြည့်မှ ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်စဉ် ဝတ်ဆင်ခဲ့သည့် အင်္ကျီ၊ ဘောင်းဘီနှင့် ဦးထုပ်တို့အား သိမ်းဆည်းရမိခဲ့မှု




ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်စဉ် တရားခံ ကောင်းဇာနည်ဟိန်း(ခ)လပြည့် ဝတ်ဆင်ခဲ့သည့် အင်္ကျီနှင့် ခါးပတ်အိတ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- မေလ ၃၁ ရက်မှ ဇွန်လ ၆ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၁၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်ထိ စုစုပေါင်း ၁,၄၇၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၆-၂၀၂၃)**

- **မေလ ၃၁ ရက်မှ ဇွန်လ ၆ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၁၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်ထိ စုစုပေါင်း ၁,၄၇၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**